# မြန်မာနိုင်ငံ လူထု ဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်း

*ဖွံ့ဖြိုး တိုးတက်မှုကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်ရန် ရပ်ရွာလူထုများ ကူညီပေးခြင်း*

မတ်လ၊ ၂၀၁၄ တွင် နောက်ဆုံး ရေးသားပြုစုသည်

လူထု ဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်းကို ၂၀၁၂ခုနှစ် နိုဝင်ဘာလက သဘောတူ ခွင့်ပြုပေးခဲ့သည့် IDA ထောက်ပံ့ကြေး ဒေါ်လာသန်း ၈၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသည် ၂၅နှစ်အတွင်း မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်၏ ပထမဆုံး ကူညီပေးသည့် စီမံကိန်းဖြစ်သည်။

## လူထု ဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်းကို အဘယ်ကြောင့် ဆောင်ရွက်ရပါသနည်း။

လူထု ဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်း (CDD)သည် သည်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်မည်ကို ရွေးချယ်ရာတွင် လည်းကောင်း၊ ဖွံ့ဖြိုးရေး အရင်းအမြစ်များကို စီမံဆောင်ရွက်ရာတွင် လည်းကောင်း ရပ်ရွာ လူထုအား တာဝန်ယူစေပါသည်။ ယခု နည်းလမ်းက ရပ်ရွာ လူထု၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို ကိုယ်တိုင်ကောင်းစွာ နားလည်သဘောပေါက်သည့် ဒေသခံလူမှုအသိုက်အဝန်းအား အသုံးစရိတ်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်စေခြင်းဖြင့် တန်ဖိုးရှိသည့် အရင်းအမြစ်များနှင့် ဦးစားပေး လိုအပ်ချက်များ ကိုက်ညီအောင် ကူညီပေးသည်။ ဦးစားပေး စီမံကိန်းများကို ဖော်ထုတ်ရန် ရပ်ရွာ လူထုအား လုပ်ပိုင်ခွင့် ပေးထားခြင်းဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရာတွင် အကူအညီများ တိတိကျကျ ရောက်ရှိအောင် (CDD) လုပ်ငန်း အစီအစဉ်က ဆောင်ရွက်ပေးသည်။ ထို့အပြင် ရန်ပုံငွေများအား ပြည်ထောင်စုအစိုးရထံမှ ရပ်ရွာ လူထုထံသို့ တိုက်ရိုက်ရောက်ရှိအောင် လုပ်ဆောင်ပေးခြင်းဖြင့် (CDD) က လေလွင့်မှု လျော့နည်းအောင် လုပ်ဆောင်ပေးသည်။ (CDD) က လုပ်ဆောင်ပေးသည့် နည်းလမ်းများသည် အသေးစား အခြေခံအဆောက်အဦနှင့် အရေးကြီးသည့် ဝန်ဆောင်မှုများအား အစိုးရက ပုံမှန်အတိုင်း ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် လမ်းကြောင်းများထက် အကုန်အကျအနည်းငယ်နှင့် အရည်အသွေး ကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်သည်ဟု နိုင်ငံတကာ အကဲဖြတ်မှုများအရ သိရပါသည်။

ထို့ကြောင့် (CDD) စီမံကိန်းသည် ထိရောက်မှုရှိသည့် ကျေးလက် ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာ ဗျူဟာ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဟု ဆိုနိုင်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ကမ္ဘာ့ဘဏ်သည် အခြား နိုင်ငံ အစိုးရများနှင့် ရပ်ရွာ လူထုများ အတွက် ရေပေးဝေမှုနှင့် ရေဆိုးစွန့်စနစ် ပြန်လည်အဆင့်မြှင့်ပေးခြင်း၊ စာသင် ကျောင်းများနှင့် ကျန်းမာရေးဌာနများ တည်ဆောက်ပေးခြင်း၊ မိခင်များနှင့် မွေးကင်းစကလေးငယ်များအတွက် အာဟာရ ဓာတ် ကျွေးမွေးသည့် အစီအစဉ်များ၊ ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းများ၊ အသေးစားလုပ်ငန်းများအတွက် ထောက်ပံ့ပေးခြင်းများ အပါအဝင် အရေးပေါ်လိုအပ်ချက် အမျိုးမျိုးကို ကူညီဖြည့်ဆည်းပေးရန်အတွက် (CDD) နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ပေးခဲ့သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အာဖဂန်နစ္စတန် ကဲ့သို့သော နိုင်ငံများတွင် တွေ့ရသည့်တွေ့အကြုံများက (CDD) ၏ ချဉ်းကပ်ဆောင်ရွက်မှုများကို အမျိုးသားအဆင့်တွင် လည်းကောင်း၊ ပဋိပက္ခဖြစ်သည့် ဧရိယာများတွင် လည်းကောင်း၊ သဘာဝဘေးဒုက္ခမှ ပြန်လည်နာလံထူရေး ဒေသများတွင် လည်းကောင်း ဆောင်ရွက်နိုင်သည့် အလားအလာကောင်းသည့် စီမံကိန်းဖြစ်သည်ဟု ဖော်ပြလျက်ရှိပါသည်။

## လူထု ဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်းကို မည်သည့် ရည်မှန်းချက်များဖြင့် ဆော ၁င်ရွက်လျက်ရှိပါသနည်း။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းသော ကျေးလက်လူထုအား လူထု ဗဟိုပြုသည့် ချဉ်းကပ် လုပ်ဆောင်မှု မှတဆင့် အခြေခံကျသော အခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများ ပိုမိုတိုးတက်ရရှိ စေရန် ဖြစ်သည်။ ၂၀၁၂ခုနှစ် နိုဝင်ဘာလက သဘောတူ ခွင့်ပြုပေးလိုက်သည့် IDA ထောက်ပံ့ကြေး ဒေါ်လာသန်း ၈၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ခြောက်နှစ်စီမံကိန်းသည် မြို့နယ် (၁၅) မြို့နယ်ရှိ ရပ်ရွာ လူထုအား ၎င်းတို့အလိုအပ်ဆုံးအရာများ (လမ်းများ၊ တံတားများ၊ ရေသွင်းစနစ်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဆေးပေးခန်းများ သို့မဟုတ် ကျေးလက်ဈေးများ အစရှိသဖြင့်) ကို ဖော်ထုတ်ကာ အကောင်အထည်ဖော်ရန်ဖြစ်သည်။ ထိုစီမံကိန်းသည် ပြည်သူ လူထုဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေး ဟူသည့်

သမ္မတ ဦးသိန်းစိန်၏ စိတ်ကူးအား လက်တွေ့အကောင်အထည်ဖော်မှု တစ်စိတ်တစ်ပိုင်းဟု ဆိုနိုင်ပါသည်။ ကျေးလက်ဒေသများတွင် တာဝန်ရှိသူများ ယခင်က ဆောင်ရွက်ခဲ့သည့် ပုံစံနှင့် မတူသည့် ချဉ်းကပ်မှုဖြင့် ဆင်းရဲပြီး အစဉ်အဆက် ပြည်သူ့ဝန်ဆောင်မှုများ မရရှိခဲ့သည့် ဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုစီမံကိန်းသည် ပမာဏ မများပြားသည့် ရန်ပုံငွေကို ပေးအပ်ပြီး ရပ်ရွာ လူထုက ဖော်ထုတ်သည့် အခြေခံအဆောက်အဦးများကို ဆောင်ရွက်သွားမည့် နည်းလမ်းဖြစ်သည်။ သတ်မှတ်ထားသည့် မြို့နယ်တစ်ခုတွင် လုပ်ငန်းအကောင်အထည်ဖော်သည့် ပထမနှစ်အတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ သို့မဟုတ် ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများ၊ လမ်းများ၊ ရေပေးဝေရေး လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးခြင်း၊ ရပ်ကွက်အဆောက်အအုံများ၊ ဈေးများ၊ အသေးစားဆည်မြောင်းများနှင့် ရေဆိုးသန့်စင်ရေး စနစ်များကဲ့သို့သော သီးသန့်ရွေးချယ်ထားသည့် အများနှင့် သက်ဆိုင်သည့် အဆောက်အဦများ အသေးစား တိုးချဲ့ခြင်းများအတွက် ရန်ပုံငွေ ပေးအပ်သွားမည်ဖြစ်သည်။ လာမည့်နှစ်များတွင် ရပ်ရွာ လူထုက ၎င်းတို့ တည်ဆောက်လိုသော၊ ပြုပြင်လိုသော သို့မဟုတ် အဆင့်မြှင့်လိုသော အများပြည်သူဆိုင်ရာ အခြေခံအဆောက်အဦး အမျိုးအစားများကို ကန့်သတ်ထားသည့် စာရင်းမှ မဟုတ်ဘဲ ရွေးချယ်နိုင်မည်ဖြစ်သည်။

**လူထု ဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်းသည် မည်သည့် နည်းလမ်းများဖြင့် ကျေးလက်ရှိ ဆင်းရဲ နွမ်းပါးသည့် ပြည်သူများကို ကူညီလျက်ရှိပါသနည်း။**

ယခု စီမံကိန်းဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများသည် ရပ်ရွာ လူထု၏ အဓိကလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတွင် အထောက်အကူဖြစ်စေပြီး၊ အကျိုးခံစားရသည့် ကျေးရွာများတွင် ဆင်းရဲနွမ်းပါးမှုနှုန်း လျှော့ချရေးကို ရည်ရွယ်သည်။ ထို့အပြင် ယခု စီမံကိန်းက လူမှုအသိုက်အဝန်းအား စီမံကိန်း ဒီဇိုင်းရေးဆွဲရာတွင် ဆုံးဖြတ်ချက်ချစေပြီး အကောင်အထည်ဖော်ရာတွင် တာဝန်ယူစေခြင်းဖြင့် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကိုယ်တိုင်ပါဝင် စီမံခန့်ခွဲရန် ကျေးရွာသားများအား လုပ်ပိုင်ခွင့်ပေးထားသည်။ ထိုစီမံကိန်းတွင် (၁) ရပ်ရွာ လူထုအား ရန်ပုံငွေကို တလုံးတခဲတည်း ချပေးခြင်း (၂) စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း (၃) အသိပညာနှင့် သင်ယူမှု (၄) စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းအပါအဝင် အကောင်အထည်ဖော်သည့် အစိတ်အပိုင်း (၄) ခုပါရှိသည်။ ပဥ္စမ မြောက်အစိတ်အပိုင်းက အရေးပေါ်လိုအပ်ချက်များ ဥပမာအားဖြင့် သဘာဝ ဘေးန္တရာယ်ဖြစ်သည့် အခြေအနေတွင် တုန့်ပြန်ဆောင်ရွက်ပေးရန် စီမံကိန်းအရင်းအမြစ်များကို အသုံးပြုခွင့် ပေးထားသည်။

**ယခု စီမံကိန်းကြောင့် မည်သူတို့အကျိုးခံစားရသနည်း။**

ယခုစီမံကိန်းသည် နှစ်စဉ် တလုံးတခဲတည်း ရရှိမည့် ရန်ပုံငွေ (၃) ခုကို တစ်ခုလျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၇၀၀၀ ဖြင့် ပြည်နယ်နှင့်တိုင်း ၁၄ခုစီတိုင်းရှိ မြို့နယ်တစ်ခုစီနှင့် ပြည်ထောင်စုနယ်မြေ အပါအဝင် ဆင်းရဲနွမ်းပါးသည့် မြို့နယ် (၁၅) ခုရှိ ကျေးရွာပေါင်း (၆၄၀) ခန့်အတွက် ငွေကြေးထောက်ပံ့ပေးနေသည်။ ၎င်းကျေးရွာများတွင် ပျမ်းမျှအားဖြင့် လူဦးရေ ၂.၅ သန်းရှိနေပြီး တစ်နိုင်ငံလုံး ထိုစီမံကိန်း၏ အကျိုးကို ခံစားရမည်ဖြစ်သည်။ စီမံကိန်းတွင်ပါဝင်သည့် မြို့နယ်များအား ဆင်းရဲနွမ်းပါးမှုမြင့်မားနှုန်း၊ ပြင်ပငွေကြေးအကူအညီ မရရှိခြင်းနှင့် ထိုစီမံကိန်း၏ ဦးတည်ချက်များအပေါ် ဒေသ အစိုးရ ကပေးထားသည့် ကတိကဝတ်များဆိုသည့် စံသတ်မှတ်ချက်များကို အခြေခံကာ ရွေးချယ်သည်။

**စီမံကိန်းကို မည်သို့ငွေကြေးထောက်ပံ့သနည်း။**

လက်ရှိတွင် ထိုစီမံကိန်း၏ စုစုပေါင်းကုန်ကျစရိတ်မှာ ဒေါ်လာ ၈၆.၃သန်းဖြစ်သည်။ ၎င်းကို IDA ကထောက်ပံ့ကြေး ဒေါ်လာသန်း ၈၀ ပေးပြီး အစိုးရကလည်းဒေါ်လာ ၆.၃သန်း ထည့်ဝင်ပေးထားသည်။ စီမံကိန်း၏ပုံစံက လွယ်လွယ်ကူကူ တိုးချဲ့ခွင့်ပြုထားပြီး အခြားအလှူရှင်များကလည်း နောက်ထပ်အခြားမြို့နယ်များပါ ပါဝင်စေရန် စီမံကိန်းတိုးချဲ့ရေးတွင် ငွေကြေးထောက်ပံ့ပေးဖို့ လက်ရှိတွင် စဉ်းစားနေသည်။

**မည်သူက စီမံကိန်းကို စီမံခန့်ခွဲသနည်း။**

အခြေခံအားဖြင့် ဒေသခံ ရပ်ရွာ လူထုက ကျေးလက်အဆင့်တွင် ဆုံးဖြတ်ချက်များချခြင်းဖြင့် ကျေးလက်အဆင့် စီမံကိန်းအခွဲများအား စီမံခန့်ခွဲသည်။ နိုင်ငံခြား ထောက်ပံ့ငွေများ စီမံခန့်ခွဲရေး ဗဟိုကော်မတီက (သမ္မတဦးသိန်းစိန် ဥက္ကဌအဖြစ်

ဆောင်ရွက်ပြီး ဂန်ကြီးဌာနအသီးသီးမှ ဂန်ကြီးများပါဝင်သည်) ကြီးကြပ်ရေးကော်မတီအဖြစ် တာဝန်ယူ ဆောင်ရွက်ပြီး စီမံကိန်းကိုကြီးကြပ်ကာ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးသည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသည် စီမံကိန်းကို အကောင်အထည်ဖော်သည့် အေဂျင်စီ ဖြစ်ပြီး ပြည်ထောင်စုနှင့် မြို့နယ်အဆင့်များတွင် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသည်။ အတွေ့အကြုံရှိသည့် နိုင်ငံတကာ NGO အဖွဲ့များက မြို့နယ် အဆင့်တွင် နည်းပညာအကူအညီများ ထောက်ပံ့ပေးရန်အတွက် ကန်ထရိုက်စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ကမ္ဘာ့ဘဏ် အနေနှင့်လည်း စီမံကိန်းအကောင်အထည်ဖော်ရေးတွင် မြန်မာအစိုးရအား ကူညီထောက်ပံ့ပေးသလို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းများလည်း ပြုလုပ်ပေးနေသည်။

**ဘေးဖယ်ခံထားရသည့် အုပ်စုများနှင့် လူနည်းစု တိုင်းရင်းသားလူမျိုးများသည် စီမံကိန်း၏ အကျိုးရရှိစေရန် သေချာအောင် မည်သို့ ဆောင်ရွက်ထားပါသနည်း။**

ဘေးဖယ်ခံထားရသည့် အုပ်စုများနှင့် လူနည်းစု တိုင်းရင်းသားလူများ အပြည့်အဝပါဝင်ရေး သေချာစေရန်အတွက် ထိုစီမံကိန်း တွင် တိုင်းရင်းသား လူမျိုးများအတွင်းမှ ရွေးချယ်ထားသည့် ကျေးလက်စေတနာ့ဝန်ထမ်းများ စုဆောင်းခြင်း၊ ကျေးရွာနှင့် ကျေးလက် အဆင့် ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်များအတွက် လွတ်လပ်ကာ သတင်းအချက်အလက်များကို မျှဝေပေးမည့် အကြံဉာဏ်ရယူသည့် ညှိနှိုင်းပွဲများ ပြုလုပ်ပေးခြင်း၊ ရပ်ရွာ လူထုအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများတွင် လူနည်းစု လူမျိုးနွယ်စုများ ပါဝင်စေခြင်းနှင့် ဒေသခံ ဘာသာစကား အသုံးပြုခြင်းအပါအဝင် အစီအစဉ်အမျိုးမျိုး ပါဝင်သည်။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အမျိုးသမီးများ တူညီသည့်ပြောရေးဆိုခွင့်ရရှိရေး သေချာစေရန် ခိုင်မာသည့် ကျားမဆိုင်ရာ ပြောရေးဆိုခွင့် ကဏ္ဍများလည်းပါဝင်သည်။

**ယခု စီမံကိန်းနှင့် ရပ်ရွာအခြေပြု လူမှုရေး အဖွဲ့အစည်းများနှင့် မည်သို့ ဆက်သွယ်ဆောင်ရွက်ပါသနည်း။**

မြန်မာနိုင်ငံတွင်းရှိ အရပ်ဘက်အသိုက်အဝန်း မိတ်ဖက်များနှင့် ဘက်စုံညှိနှိုင်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတွင်းရှိ အောက်ခြေအဆင့် လူမှု အသိုက်အဝန်းလုပ်ငန်းများတွင် အချိန်ကြာမြင့်စွာ လုပ်ကိုင်နေခဲ့သည့် အဖွဲ့များထံမှ အတွေ့ အကြုံများအား သင်ယူလေ့လာခြင်းဖြင့် ထိုစီမံကိန်း ဒီဇိုင်းကို ရရှိခဲ့ခြင်းဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော် နေစဉ်အတွင်း ထိုစီမံကိန်းတွင် လူမှုဖူလုံရေးဆိုင်ရာ အရည်အသွေး စစ်ဆေးမှုများ စီမံဆောင်ရွက်ပေးခြင်း၊ စိတ်ပါဝင်စားသော အရပ်ဘက် လူမှုအသိုက်အဝန်း အဖွဲ့အစည်းများ ပါဝင် လုပ်ဆောင် ရန် အခွင့်အလမ်းများပေးသည့် နိုင်ငံတော်အဆင့် ဘက်စုံပူးပေါင်းပါဝင်သူများ နှစ်စဉ်ပြန်လည်သုံးသပ်ခြင်းနှင့် စီမံကိန်းနှင့် ၎င်းအား အကောင် အထည်ဖော်ရာတွင် ထွက်ပေါ်လာသည့် တုန့်ပြန်ချက်များအား ဖော်ပြပေးခြင်းတို့ပါဝင်သည်။ ထိုစီမံကိန်းက စီမံကိန်း အတွင်းနှင့် စီမံကိန်းထက်ကျော်လွန်သည့် နယ်ပယ်များရှိ ပဏာမခြေလှမ်းများအပါအဝင် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ဆောင်မှုများတွင် ဆန်းသစ်တီထွင်မှုများအား ပြသရန်အတွက် နှစ်စဉ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဈေးကွက် နေရာတစ်ခုကို စီစဉ်ပေးမည်ဖြစ်သည်။

**အသုံးပြုသော ရန်ပုံငွေကို မည်သို့စောင့်ကြည့်သလဲ။ ရန်ပုံငွေအသုံးပြုမှုနှင့် ပတ်သက်သည့် တိုင်ကြားချက်များ သို့မဟုတ် အလွဲသုံးစားပြုမှုများကို မည်သို့ဖြေရှင်းသလဲ။**

စီမံကိန်းအား စောင့်ကြည့်ရာတွင် (၁) ရပ်ရွာအဆင့်တွင် ရွာတစ်ရွာချင်းစီအလိုက် စီမံကိန်းခွဲများ အတွက် ကုန်ကျသည့် အသုံးစရိတ်အား ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ဖော်ပြသခြင်းပါဝင်သည့် လူမှုတာဝန်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းမှ တဆင့် စောင့်ကြည့်ခြင်း၊ (၂) စီမံကိန်းအဆင့်တွင် ရန်ပုံငွေ ခွဲဝေချထားမှုကို အနီးကပ် စောင့်ကြည့်သည့် ငွေကြေးစီမံခန့်ခွဲမှု၊ ဝယ်ယူမှုနှင့် စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် အတွက် ရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများချမှတ်ကာ စောင့်ကြည့်ခြင်း၊ (၃) စီမံကိန်းအခွဲ နမူနာတစ်ခု၏ ငွေကြေးနှင့် နည်းပညာဆိုင်ရာကို သီးခြားလွတ်လပ်စွာ စစ်ဆေးခြင်းနှင့် ပြည်ထောင်စုအဆင့် အစိုးရ စာရင်းအင်းကို စာရင်းစစ်ချုပ်ရုံးက နှစ်စဉ်ပြင်ပ စာရင်းစစ်ဆေးခြင်းဖြင့် စောင့်ကြည့်ခြင်းတို့ ပါဝင်သည်။

ထိုစီမံကိန်းတွင် ဖြစ်နိုင်ခြေရှိသော အုပ်ချုပ်မှုနှင့် အဂတိလိုက်စားမှု အန္တရာယ် လျော့ပါးစေရေးအတွက် ခိုင်မာသော အစီအစဉ်များ ပါဝင်သည်။ ယင်းတွင် စီမံကိန်းနှင့်ပတ်သက်သည့် တိုင်ကြားချက်များနှင့် ရန်ပုံငွေ အလွဲသုံးစား ပြုနိုင်ဖွယ်ရှိသည့် အခြေအနေကို စောင့်ကြည့် တုန့်ပြန်ရန်အတွက် တောင့်တင်းခိုင်မာသည့် စီမံခန့်ခွဲမှုဆိုင်ရာ သတင်း အချက်အလက်စနစ်နှင့် နစ်နာမှုအတွက်

လျော့ကြေးပေးသည့် လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ ထို့အပြင် ရပ်ရွာ ဗဟိုပြု လုပ်ငန်းများ အရည်အသွေး အာမခံရန်အတွက် ပုံမှန်နည်းပညာ စစ်ဆေးမှုများအတွက်လည်း ထိုစီမံကိန်းက ငွေကြေးထောက်ပံ့ပေးမည်ဖြစ်သည်။

**ထိုစီမံကိန်းတွင် NGO ၏အခန်းကဏ္ဍက မည်သို့ပါဝင်သလဲ။ ထို NGO များအား မည်သို့သတ်မှတ် ဖော်ပြထားသလဲ။**

ရပ်ရွာ လူထု လွယ်ကူအဆင်ပြေအောင် ဆောင်ရွက်ပေးသည့် ဧရိယာများအတွင်း အပါအဝင် မြို့နယ်အဆင့်တွင် စီမံကိန်း အကောင်အထည်ဖော်ရေးကို ပံ့ပိုးကူညီရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက နည်းပညာအကူအညီပေးရန် တာဝန်ခံထားသည်။ ပထမ မြို့နယ် (၃) မြို့နယ်တွင် စီမံကိန်းအကောင်အထည်ဖော်ရေး အတွက် အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် အပြိုင်တင်ဒါခေါ်ယူကာ International Rescue Committee (ချင်းပြည်နယ်အတွက်)နှင့် Mercy Corps (ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းအတွက်) တို့နှင့် ကန်ထရိုက် စာချုပ်ချုပ်ဆိုခဲ့သည်။ နောက်ထပ် မြို့နယ်အဆင့် နည်းပညာအကူအညီများကို ထိုစီမံကိန်း၏ ပုံမှန် ချမှတ် ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ် အချိန်ဇယားအလိုက် ဒုတိယနှစ်နှင့် တတိယမြောက်နှစ်များတွင် ရယူ သွားမည်ဖြစ်သည်။

**စီမံကိန်း၏ လက်ရှိအနေအထားက ဘာလဲ။**

၂၀၁၄ ခုနှစ် မတ်လမှ စပြီး မြို့နယ် (၃) မြို့နယ်တွင် လုပ်ရှားဆောင်ရွက်မှုများ ( ပထမနှစ်တွင် မြို့နယ် ၃ မြို့နယ်ပါဝင်ခြင်း၊ ဒုတိယနှစ်တွင် နောက်ထပ် ၅ မြို့နယ်ထပ်မံထည့်သွင်းပြီး တတိယနှစ်တွင် ၇ မြို့နယ် ထပ်မံထည့်သွင်းခြင်းနှင့်အတူ ထိုစီမံကိန်းက တဖြည်းဖြည်းချင်း အဆင့်လိုက်လုပ်ဆောင်သည့် နည်းလမ်းကိုကျင့်သုံးသည်) လုပ်ဆောင်ပေးကာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ရပ်ရွာလူထုများအကြား ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပေးခြင်း၊ ကျေးရွာကော်မတီများနှင့် စေတနာ့ ဝန်ထမ်းများအား ရွေးချယ်ခြင်း၊ ကျေးလက်အဆင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ရေးဆွဲကာ အတည်ပြုခြင်းနှင့် စီမံကိန်းအခွဲများ အကောင်အထည်ဖော်ခြင်းများ လုပ်ဆောင်ပေးနေသည်။

**ထိုစီမံကိန်းနှင့်ပတ်သက်သော တရားဝင်စာရွက်စာတန်းများအား မည်သည့်နေရာတွင် တွေ့နိုင်သနည်း။**

ကမ္ဘာ့ဘဏ်၏ သတင်းအချက်အလက် အသုံးပြုရေး မူဝါဒအရ စီမံကိန်းစာရွက်စာတန်း အပြည့်အစုံကို ကျွန်ုပ်တို့ ဘုတ်အဖွဲ့၏ ခွင့်ပြုချက်ရပြီးပြီးချင်း ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင်ရရှိနိုင်ပါသည်။ ပုံမှန်လုပ်ငန်းအကောင်အထည်ဖော်ရေး အစီရင်ခံစာများအပါအဝင် အခြားဆက်စပ် စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းအားလုံးကို သက်ဆိုင်ရာမူဝါဒ အားလုံး နှင့်အညီ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ပေါ်တွင် တင်ထားပါသည်။ လာမည့် စီမံကိန်း စာရွက်စာတမ်းများကိုလည်း လူထု ဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်း ဝက်ဘ်ဆိုက် စာမျက်နှာပေါ်တွင် ဆက်လက် ဖော်ပြသွားမည်ဖြစ်သည်။ အလားတူ ထိုစီမံကိန်းကို ရည်မှန်းလုပ်ဆောင်နေသည့် မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာန ဝက်ဘ်ဆိုက် စာမျက်နှာပေါ်တွင်လည်း တွေ့နိုင်ပါသည်။ မြန်မာဘာသာဖြင့် ပြန်ဆိုထားချက်ကို ဖော်ပြရန်မှာ မူရင်းအင်္ဂလိပ်ဘာသာနှင့် ဖော်ပြချက်ထက် အချိန်အနည်းငယ်ပို ကြာနိုင်ဖွယ်ရှိပါသည်။